


ဗုဒ္ဓဘာသာ မိသားစုမှ ကြီးပြင်းလာတဲ့ ပူဂျာမာလာ ဟာ အစ္စလာမ်ဘာသာသို့ ကူးပြောင်းသွားတဲ့အတွက် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းမှာ အလွန်မှ အံ့သြသွားကြပါတယ်။ သူမဟာ မကြာမီက ဒူဘိုင်းနဲ့ ကာတာနိုင်ငံတို့ကို ရက်တို ခရီးထွက်ခဲ့ပါတယ်။ ခရီးမှအပြန် ခတ်မန္ဒူ ရောက်တာနဲ့ အစ္စလာမ်ဘာသာသို့ ကူပြောင်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။

မီဒီယာများမှ သူမအား အစ္စလာမ်သာသနာမှာ ဘာထူးခြားချက်တွေတွေ့လို့ ကူပြောင်းရပါသလဲလို့ မေးတဲ့အခါ ကျွန်မဟာ ဗုဒ္ဓဘာသာမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဟာကျွန်မရဲ့အသွေးအသားထဲ အထိ ဝင်ရောက်လျက်ရှိပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်အရင်က ကျွန်မဟာ အခြားဘာသာတွေကိုလည်း လေ့လာမယ်လို့ စိတ်ကူပေါက်ခဲ့ပါတယ်။ အဲဒါနဲ့ ကျွန်မဟာ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာတွေကို နှိုင်းယှဉ်လေ့လာခဲ့ပါတယ်။ အဲဒီလို လေ့လာနေခိုက်မှာပဲ ကျွန်မဟာ ဒူဘိုင်းနဲ့ ကာတာနိုင်ငံတွေကိုလည်း ခရီး ထွက်ဖြစ်ခဲ့ပါတယ်။ အဲဒီမှာရှိတဲ့ မှစ်လင်မ်တွေနဲ့ အစ္စလာမ့်ယဉ်ကျေးမှုတွေကို တွေ့ရပြီး အတော်ပဲ စိတ်ဝင်စားခဲ့ပါတယ်။ အစ္စလာမ်ဘာသာမှာ အခြားဘာသာတွေနဲ့ မတူတဲ့ အထူးခြားဆုံး အချက်က သောက်ဟီးဒ် လို့ခေါ်တဲ့ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း ဖြစ်ကြောင်းသက်ဝင် ယုံကြည်ခြင်းပဲဖြစ်ပါတယ်။ အဲဒီယုံကြည်ချက်ကို ကျွန်မဟာ အဲဒီနိုင်ငံတွေမှာ ရှိတဲ့မှစ်လင်မ်တွမှာ ခိုင်ခိုင်မာမာ ရှိနေတာကိုတွေ့ခဲ့ရပါတယ်။ အဲဒီလိုမျိုးယုံကြည်ချက်ကို အခြားဘာသာတွေမှာ မတွေ့ရပါဘူး။ ဒီနေ့ကမ္ဘာနဲ့အဂုမ်းမှာ အစ္စလာမ်ဘာသာအပေါ် ဆန့်ကျင်ဂါဒဖြန့်မှုတွေက ကျွန်မကို အစ္စလာမ်ကို ပိုပြီးစိတ်ဝင်စားစေခဲ့ပါတယ်။

ပြောရမယ်ဆိုရင် အစ္စလာမ်နဲ့ပိုပြီး နီးကပ်အောင်ပြုလုပ်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ တကယ်တမ်း အစ္စလာမ်ကို လေ့လာမိတဲ့အခါ ဂါဒဖြန့်တာတွေနဲ့ လားလားကြီးဆန့်ကျင်နေတာတွေ့ရပါတယ်။ အစ္စလာမ်သာသနာဟာ ကမ္ဘာပေါ်မှာရှိတဲ့လူသားတွေရဲ့ အကြပ်အတည်းဟူသရွေ့ကို အလွန်တရားမျှတာစွာနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းပေးနိုင်မယ့် တစ်ခုတည်းသော သာသနာ ဖြစ်ကြောင်း ကျွန်မရဲရဲကြီးကြေညာရပါတယ်။

သတင်းထောက်က သူမရဲ့နာမည်အတိုင်း ပူဂျာ လို့ခေါ်တဲ့အခါ သူမက ကျေးဇူးပြုပြီး ကျွန်မကို ပူဂျာ လို့မခေါ်ပါနဲ့။ အဲဒီနာမည်ဟာ ကျွန်မရဲ့ အတိတ်က နာမည်ဖြစ်ပါတယ်။ အခုကျွန်မနာမည်ဟာ အာမိနာ ဖာရူကီ ဖြစ်ပါတယ်လို့ သတင်းထောက်ကို ပြောကြားခဲ့ပါတယ်။

သူမကဆက်ပြီးပြောပါတယ်။ ကျွန်မအစ္စလာမ် သာသနာလက်မခံမီ အချိန်က ဆေးလိပ်နဲ့အရက်ဟာ ကျွန်မရဲ့အဖော်ပါ။ စိတ်ညစ်တိုင်း သောက်ပါတယ်။ တခါတရံ သောက်တာများလို့ သတိပါလစ်ဖူးပါတယ်။ ကျွန်မရဲ့လေးဖက်လေးတန်မှာ အမှောင်ထုသာလွှမ်းမိုးလျက်ရှိပါတယ်။ ဒါပေမယ့်အစ္စလာမ်လက်ခံပြီးတဲ့နောက်ပိုင်း အေးမြတဲ့လေကိုရှူရှိုက်ခွင့်ရခဲ့ပါပြီ။ အရက်နဲ့ဆေးလိပ်ကို အပြီးအပိုင်

သောင်ဖဟ်လုပ်ပြီး စွန့်လွှတ်ခဲ့ပါပြီ။ သတင်းထောက်က အစ္စလာမ်လက်ခံပြီးတဲ့နောက်ပိုင်း ဆွေမျိုးအသိုင်းအဝိုင်းက ဘယ်လို ဆက်ဆံကြပါသလဲလို့ မေးတော့ ကျွန်မအစ္စလာမ်လက်ခံပြီးတဲ့နောက် ကျွန်မရဲ့ ဆွေမျိုးအသိုင်းအဝိုင်းကို အသိပေးခဲ့ပါတယ်။ အထူးသဖြင့် ကျွန်မအမေဟာ ကျွန်မကို အပြည့်အဝကူညီအားပေးခဲ့ပါတယ်။ ကျွန်မရဲ့ ယခင်ကမကောင်းတဲ့ အခြေအနေအားလုံး စွန့်လွှတ်ပြီး ကောင်းမွန်သန့်ရှင်းတဲ့အခြေအနေဘက်ကို ပြောင်းသွားတာတွေ့ပြီ အမေ့မှာ အလွန်ပဲပျော်ရွှင်ခဲ့ရပါတယ်။ အမေက ကျွန်မကို သမီး မင်းဟာ အလွန်မှန်ကန်တဲ့လမ်းကို ရွေးချယ်ခဲ့ပါတယ်။ သမီးရဲ့ပျော်ရွှင်မှုကိုတွေ့ရပြီး အမေ့မှာ စိတ်သက်သာ ရာရပါတယ်လို့အမေကပြောပါတယ်။

1.2.2013 အိန္ဒိယနိုင်ငံထုတ် အင်န်ကေလားဗ်အူရ်ဒူနေ့စဉ်သတင်းစာမှ ကူယူပြန်ဆိုဖော်ပြပါသည်။